# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၇၀ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။
**[၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]**

**၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။**

**(၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၇၀ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ ရငွေအားလုံးကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီ နှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ငါးရာကုဋေအထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေး ဌာနဝန်ကြီးသည်၊ အစိုးရငွေချေး စာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင် သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့်အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်း စီမံရန်စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေ တွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ချေးငွေများအတွက် ပြန်ဆပ်ရန်ငွေရင်းနှင့် အတိုးကိုငင်း၊ ကုန်ကျသည့် စရိတ်ငွေများကို ၎င်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ပေးရမည်။

၄။ ။ အောက်ပါ ဇယား၏ ဇယားကွက် (၂) တွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီ ဘဏ္ဍာရေးကော်မီတီနှင့် ပုဂ္ဂိုလ်အသီးသီးသည်၊ မိမိနှင့် တပြေးတည်းဖော်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

Myanmar Law Information System (MLIS)

| အမှတ်စဉ် (၁) | တာဝန်ခံသည့် ကော်မီတီနှင့် ပုဂ္ဂိုလ်များ (၂) | အသုံးစရိတ်အမည် (၃) | စုစုပေါင်းငွေ (၄) | ရည်ညွှန်းသည့် နောက်ဆက်တွဲဇယား (၅) |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်များ။ | ၅,၄၉,၂၁,၅၄၀ | နောက်ဆက်တွဲဇယား (က)။ |
| ၂ | ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီး။ | အစိုးရဌာနများနှင့်ဌာနခွဲများ၏ အသုံးစရိတ်များ။ | ၁,၉၁,၉၁,၃၇,၉၁၀ | နောက်ဆက်တွဲဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံးစရိတ်များ။ | ၂,၉၃,၃၁,၃၁၀ | နောက်ဆက်တွဲဇယား (ဂ)။ |
| ၄ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ အသုံးစရိတ်များ။ | ၁,၇၀,၇၈,၃၈၀ | နောက်ဆက်တွဲဇယား (ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏ အသုံးစရိတ်များ။ | ၄၃,၃၇,၃၅၀ | နောက်ဆက်တွဲဇယား (င)။ |
| ၆ | ကော်သူးလေဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကော်သူးလေ၏ အသုံးစရိတ်များ။ | ၁,၁၀,၇၆,၁၉၀ | နောက်ဆက်တွဲဇယား (စ)။ |
| ၇ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ ဘဏ္ဍာရေးဌာန ဝန်ကြီး။ | အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်း များ၏ အသုံးစရိတ်များ။ | ၇,၂၆,၂၂,၄၈,၀၀၀ | နောက်ဆက်တွဲဇယား (ဆ)။ |
| ၈ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရ ဘဏ္ဍာရေးဌာန ဝန်ကြီး။ | အစိုးရလက်အောက်ခံဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်များ။ | ၇,၇၉,၈၆,၃၂၀ | နောက်ဆက်တွဲဇယား (ဇ)။ |

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။
(၁၉၇၀ ခုနှစ်၊ စက်တဘာလ ၁၀ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ ဇယား (က)တော်လှန်ရေးကောင်စီ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ ဇယား (ခ)အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ ဇယား (ဂ)ရှမ်းပြည်နယ်၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 နောက်ဆက်တွဲ ဇယား (ဃ)ကချင်ပြည်နယ်၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 နောက်ဆက်တွဲ ဇယား (င)ကယားပြည်နယ်၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 နောက်ဆက်တွဲ ဇယား (စ)ကော်သူးလေ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 နောက်ဆက်တွဲ ဇယား (ဆ)အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 နောက်ဆက်တွဲ ဇယား (ဇ)အစိုးရ လက်အောက်ခံ ဒေသန္တရ အဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

Myanmar Law Information System (MLIS)